၎င်းသည် တစ်ခါမျှပင် အို-

ဖန်ဆင်းမွေးမြူတော်မူသောအရှင် ကိယာမသ်နေ့၌

ကျွန်တော်မျိုး၏ အပြစ်များကို ခွင့်လွှတ်တော်မူပါဟူ၍ပြောဆိုခဲ့ခြင်းမရှိပေ။

အာအိရှဟ် (ရဿွိယလ္လာဟုအန်ဟာ) ဆင့်ပြန်ထား‌သော ဟဒီးဆ်တော်တွင်လာရှိထားသည်။သူမကပြောပြသည်မှာ- ကျွန်မက အိုအလ္လာဟ်အရှင်မြတ်၏ ရစူလ်တမန်တော် အစ်ဗ်နု
ဂျုဒ်အာန်သည် (ဂျာဟိလိယသ်) အမိုက်ခေတ်တွင် ဆွေမျိုးသားချင်း အဆက်အထားသူ၊
ဆင်းရဲသားများကို ကျွေးမွေးသူတစ်ဦးဖြစ်ခဲ့သည်။ သို့ဖြစ်၍ ထိုလုပ်ရပ်တို့က
သူ့အား အကျိုးပေးနိုင်မည်လားဟု လျှောက်ထားမေးမြန်းခဲ့သည်။ ကိုယ်တော်ကဖြေကြားတော်မူသည်မှာ- သူ့အား အကျိုးမပေးနိုင်ပေ။ ၎င်းသည် တစ်ခါမျှပင် အို-
ဖန်ဆင်းမွေးမြူတော်မူသောအရှင် ကိယာမသ်နေ့၌ ကျွန်တော်မျိုး၏ အပြစ်များကို
ခွင့်လွှတ်တော်မူပါဟူ၍ ပြောဆိုခဲ့ခြင်းမရှိပေ။ [صحيح] [رواه مسلم]

တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)သည် အစ္စလာမ်မတိုင်မီကကုရိုင်ရှ်ခေါင်းဆောင်များအနက်မှ တစ်ဦးဖြစ်သူ အဗ်ဒုလ္လာဟ်ဗင်န် ဂျုဒ်အာန်ဆောင်ရွက်ခဲ့သည့် အစ္စလာမ်သာသနာက တိုက်တွန်းထားသော ကောင်းမှုများဖြစ်သည့်ဆွေမျိုးသားချင်း အဆက်ထားခြင်း၊ ဆွေမျိုးများကို ကောင်းမွန်စွာ ဆက်ဆံခြင်း၊ဆင်းရဲသားများကို ကျွေးမွေးခြင်းစသည်တို့အပြင် အခြားကောင်းမှုများသည်နောင်တမလွန်အာခိရသ်တွင် ၎င်းအား အကျိုးမပေးနိုင်ကြောင်း မိန့်ကြားတော်မူခဲ့သည်။ထိုသို့ အကျိုးမပေးရခြင်းမှာ ၎င်းသည် အလ္လာဟ်အရှင်မြတ်ကို ကုဖ်ရ်သွေဖည်ငြင်းပယ်ခဲ့ပြီး တစ်ရက်တလေမျှပင် အို-ဖန်ဆင်းမွေးမြူတော်မူသောအရှင်ကိယာမသ်နေ့၌ ကျွန်တော်မျိုး၏ အပြစ်များကို ခွင့်လွှတ်တော်မူပါဟူ၍ပြောဆိုခဲ့ခြင်းမရှိသည့်အတွက်ဖြစ်သည်။

https://sunnah.global/hadeeth/my/show/65009